# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၆၂)၊ ၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း ၁၁ ရက် ၊ ၂၀-၁-၂၀၁၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၉

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ

စာမျက်နှာ ၃ သို့ ✪



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များ လွှတ်တော်ဝင်းအတွင်းရှိပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

---

စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

---

စစ်အုပ်ချုပ်ရေး
အမိန့်အမှတ်၊ ၁ / ၂၀၂၆ ထုတ်ပြန်

စာမျက်နှာ » ၃

---

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ

စာမျက်နှာ » ၇


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၉

| | | |
|---|---|---|
| ဟားခါး | ၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ ဒသမ ၀ | ဒီဂရီ ဆဲလ်စီးယပ် |
| လွိုင်လင် | ၅ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၆ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၂၀ ရက် ၊ သောကြာနေ့ ။

## ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းကို နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယခုသင်တန်းတွင် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုး ရေးဆိုင်ရာမူဝါဒ၊ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးစိတ်ပညာ စသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာ သင်ယူရန် လိုအပ်ကြောင်း၊ အစောပိုင်း ကလေးဘဝ၏ အာရုံငါးပါး ဟန်ချက်ညီ ဖွံ့ဖြိုးမှုမှသည် ပတ်ဝန်းကျင်၊ ရပ်ရွာ၊ နိုင်ငံတော် အတွက် ရေရှည်တည်တံ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူသား အရင်းအမြစ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ သင်ကြားလေ့ကျင့် ပေးနေသည့် မူလတန်းအရွယ်ကလေးများအတွက် ကျောင်းနေရာ တွင် အသင့်ဖြစ်စေပြီး ပညာသင်ယူရာတွင် အဆင်ပြေချောမွေ့စေ ခြင်းဖြင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ကောင်းများ ဖြစ်စေကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက် တာချောချောစိန်က ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် လူမှုဝန် ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမှာ စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာန နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာ ကျောင်းများမှ ဆရာ၊ ဆရာမ ၄၆ ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများမှ ဆရာမ ၃၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၆ ဦး တက်ရောက်လျက်ရှိသည်။ သင်တန်းတွင် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကလေးသဘောသဘာဝနှင့် အခြေခံလိုအပ်ချက်၊ ကစားခြင်းဖြင့် သင်ကြားခြင်း၊ ကလေးဖွံ့ဖြိုးမှု၊ စာသင်ခန်းစီမံခန့်ခွဲမှုနှင့် သင်ယူ ရာနေရာများ၊ ကလေးစိတ်ပညာ၊ သင်ယူမှု၏ အခြေခံအုတ်မြစ် များ၊ မိသားစုပုံစံအမျိုးမျိုးနှင့် မိဘရပ်ရွာပူးပေါင်းဆောင်ရွက်ခြင်း၊ အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သော ကလေးများနှင့် သင်ကြား မှုနည်းလမ်းများ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ အစောပိုင်းကာလ စာ တတ်မြောက်မှု၊ ကလေးများအား ကြည့်ရှုလေ့လာခြင်း၊ ကလေး များအတွက် ကာလအပိုင်းအခြားအလိုက် အရေးကြီးပုံ စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့နည်းလမ်းများဖြင့် သင်ကြား ပေးလျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်သည်။ အဆိုပါ သင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေး စီမံဆောင်ရွက် လျက်ရှိသည်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ရေးအတွက် အရေးကြီးသဖြင့် ကလေးများကိုယ်ကျင့်တရား ကောင်း မွန်ရေး၊ စိတ်ထားကောင်းမွန်ရေး၊ အများနှင့်နေထိုင်တတ်ပြီး အများ အကျိုးဆောင်ရွက်လိုစိတ်၊ ကျန်းမာရေးနှင့် လူနေမှုဘဝအလေ့ အကျင့်ကောင်းများရရှိစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ် များ ဖြစ်လာစေရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက် ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်

## သဘောထားထုတ်ပြန်ကြေညာချက် အမှတ်(၁/၂၀၂၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာ ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့မှ ဇန်နဝါရီလ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court Of Justic – ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ မတရားစွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသော လုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိပါသည်။ အမျိုးသားဒီမိုကရေစီပါတီသစ်အနေဖြင့် မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်မှုအခြေခံ၍ နိုင်ငံတော်ကိုယ်စား ICJ တွင် ထိရောက်စွာ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့အား အပြည့်အဝကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားဒီမိုကရေစီပါတီသစ်

## မန္တလေးခရိုင် လူထုအခြေပြု ဗဟိုဌာန (Community Centre)ခန်းမ၌ စာဖတ်ဝိုင်း၊ ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre )ခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက စာဖတ်ဝိုင်း၊ ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပ သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အိမ်တွင်း အကြမ်းဖက်မှု ပပျောက်ရေး အသိပညာပေး ဟောပြောပွဲ၊ အိမ်တွင်းဝင်ငွေတိုး အသိပညာ ပေးဟောပြောပွဲ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိ ပညာပေး ဟောပြောပွဲ၊ ကလေး အလုပ်သမားပပျောက်ရေး အသိ ပညာပေးဟောပြောပွဲ၊ ကျန်းမာ လှပအမျိုးသမီးဘဝ အသိပညာ ပေး ဟောပြောပွဲများကို ဦးစီး အရာရှိ ဒေါ်ခင်စောလွင်နှင့် ပြည်ကြီးတံခွန်မြို့နယ် အမျိုး သမီးရေးရာအဖွဲ့ဝင်များက ရှင်း လင်းဟောပြောခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်မှ ခင်းကျင်းပြသထား သော သုတ၊ ရသ စာအုပ်စာစောင် များ၊ ကလေးအလုပ်သမားပပျောက် ရေး အသိပညာပေး နံရံကပ်စာ စောင်များကို တက်ရောက်လာ သည့် အမျိုးသမီးရေးရာအဖွဲ့ဝင် များက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **စင်မင်းမောင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသ ကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင် များအသင်း၊ မန္တလေးတိုင်းဒေသ ကြီး ဆီကုန်သည်များနှင့် ဆီ လုပ်ငန်းရှင်များအသင်းတို့ ပူး



ပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေး လျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ၁၁၁လမ်း နှင့် ၆၄လမ်းထောင့်၊ မြို့သစ် (၄)ရပ်ကွက်၊ ဓမ္မာရုံရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည် ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်း ရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်း နှင့် ၅၃လမ်းကြားတို့တွင် ရောင်းချ ပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေ မှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေး ရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန် ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန် ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူ ရရှိနိုင်ရေးအတွက် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်–၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂–၂၈၄၇၃၉၈၊ ၀၂–၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉–၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၅) ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ ယင်းအမိန့်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များအား အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်<br>
ဗိုလ်ချုပ်မှူးကြီး<br>
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၁/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

(ပုံ) မင်းအောင်လှိုင်<br>
ဗိုလ်ချုပ်မှူးကြီး<br>
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၁ / ၂၀၂၆ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁/၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၂ / ၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်<br>
ဗိုလ်ချုပ်မှူးကြီး<br>
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုအတွက် လက်ချင်းဆက်

✪ ရှေ့ဖုံးမှ

ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် တတိယအကြိမ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို အတည်ပြုပြီးချိန်တွင် ဖိတ်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အချိန်မီဆောင်ရွက်နိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရန် ရိပ်သာများ ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးများ အဆင်ပြေစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလတို့တွင် လွှတ်တော်ဝင်းအတွင်း/အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကိုလည်း စနစ်တကျဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အသီးသီးရှိ တယ်လီဖုန်းဆက်သွယ်မှု စနစ်များ၊ e-Voting စနစ်နှင့် Delegate Unit များ၊ LED board များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးတို့အတွက်လည်း စမ်းသပ်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**✧ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလတို့တွင် လွှတ်တော်ဝင်းအတွင်း/အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေးအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကိုလည်း စနစ်တကျဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အသီးသီးရှိ တယ်လီဖုန်းဆက်သွယ်မှု စနစ်များ၊ e-Voting စနစ်နှင့် Delegate Unit များ၊ LED board များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးတို့အတွက်လည်း စမ်းသပ်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည်**

အလားတူ ငလျင်ဒဏ်ကြောင့် လွှတ်တော်ပရဝဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ လမ်း၊ တံတားများ အဆင့်မြှင့်ပြန်လည်ပြင်ဆင်ထားရှိမှု စနစ်တကျရှိစေရေး၊ လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးကျင်းပမှု သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်းနှင့် ရုပ်/သံ စက်ပစ္စည်းများ ကောင်းမွန်စေရေး၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ၏ သတင်းရယူရေး ကိစ္စရပ်တို့တွင်လည်း စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး တို့ကို ကော်မတီအလိုက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ပိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တတိယအကြိမ် လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးများ စနစ်တကျဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေး အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ဆက်လက်ပြုလုပ် မြန်မာ၏ ဒုတိယအကျေ ချေပလျှောက်လဲမှုများ စတင်



နေပြည်တော် ဇန်နဝါရီ ၂၉

ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်လျက်ရှိရာ မြန်မာ၏ ဒုတိယအကျေ လျှောက်လဲမှုကို ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် စတင်သည်။

မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲ ဖြေကြားကြသည်။

ဦးစွာ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က မြန်မာနိုင်ငံ၏ ဒုတိယအကျေ လျှောက်လဲချက်၏ အဖွင့်နိဒါန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထမအကျေ လျှောက်လဲချက်တွင် ဖော်ပြခဲ့သည့် ရပ်တည်ချက်အတိုင်း ဆက်လက်ရပ်တည်ပါကြောင်း၊ ဂမ်ဘီယာသည် အထောက်အထားအသစ်မတင်ပြနိုင်ဘဲ အချက်အလက် စုံစမ်းရှာဖွေရေးအဖွဲ့(FFM)နှင့် ကျွမ်းကျင်သက်သေ Newton ၏ အချက်အလက်များကိုသာ ဆက်လက်ကိုးကားနိုင်သည်ကို တွေ့ရကြောင်း၊ အချိန်ကိုငဲ့ညှာသောအားဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်အားလုံးကို ဖြေဆိုမည်မဟုတ်သော်လည်း မြန်မာ၏ စာဖြင့် ရေးသားလျှောက်လဲချက်များတွင် ပြည့်စုံစွာ ဖြေကြားပြီးဖြစ်ကြောင်း၊သက်သေအထောက်အထားများ မှန်ကန်မှု ရှိ၊ မရှိကို FFM က ဆုံးဖြတ်ရမည်မဟုတ်ဘဲ တရားသူကြီးများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ FFM ကလည်း ဖြစ်နိုင်ခြေရှိသည်ဟုသာ သုံးသပ်ထားကြောင်း၊ Newton ကလည်း ၎င်း၏ ကျွမ်းကျင်မှုဖြင့် လျှောက်တင်ထားသည့် သုံးသပ်ချက်မှာလည်း FFM အစီရင်ခံစာအပေါ်တွင်သာ သုံးသပ်ထားခြင်းဖြစ်ကြောင်း။

၂၆-၁-၂၀၂၆ ရက်တွင် ဂမ်ဘီယာရှေ့နေများက မြန်မာရှေ့နေများသည် မြန်မာနိုင်ငံအတွက် မဟုတ်မမှန် ကာကွယ်ပြောဆိုသည်ဟု စွပ်စွဲကြောင်း၊ မိမိတို့ ရှေ့နေများအနေဖြင့် ရှေ့နေများ၏ ကျင့်ဝတ်များကို စောင့်ထိန်းသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ၊ လူမျိုးသုဉ်းစေမှုစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ စာချုပ်ပါ အချက်အလက်များကို အပြည့်အဝလိုက်နာသည့် တာဝန်သိနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာ၏ ပြောကြားမှုကို ကန့်ကွက်ပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ Mr. Christopher Staker က အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးတွင် လူမျိုးသုဉ်းကျူးလွန်မှုဖြစ်နိုင်သည်မှာ မှန်သော်လည်း လက်တွေ့တွင် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းကို အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) တွင်လည်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဂမ်ဘီယာက ဖြစ်စဉ်အသေးစိတ်ကို လေ့လာခြင်းမရှိဘဲ ရွာသုံးရွာကိုသာရည်ညွှန်းပြီး လူမျိုးသုဉ်းစေမှုသည် ကိန်းဂဏန်းနှင့်မဆိုင်ဘဲ ရည်ရွယ်ချက်သာ အဓိကကျသည်ဟုပြောနေကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စွန့်ခွာသွားသူများကို တိုက်ခိုက်မှုမပြုလုပ်သကဲ့သို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများ နေထိုင်သည့်စခန်း(IDP)တွင် နေထိုင်သူများကို ကာကွယ်စောင့်ရှောက်ထားပါကြောင်း၊ ဂမ်ဘီယာက အုပ်စုတစ်စု၏ အစုအဖွဲ့ကို သတ်ဖြတ်သည်ဟု စွပ်စွဲကြောင်း၊ သို့သော် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအများအပြား နေထိုင်လျက်ရှိကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Mr. David Hooper က တရားရုံးတွင် ထွက်ဆိုခဲ့သည့် သက်သေများနှင့်ပတ်သက်၍ ဂမ်ဘီယာ၏ ပထမသက်သေ MN (အမည်လွှဲ)၏ ဖြေကြားချက်များသည် လိမ်ညာမှုများဖြစ်နေကြောင်း၊ ဂမ်ဘီယာ၏ အခြားသက်သေ ထွက်ဆိုချက်များတွင် ပါဝင်သည့် ARSA ၏ ရွာတွင်း လှုပ်ရှားမှုများကို သိရှိခြင်း မရှိဟုဆိုကြောင်း၊ ရွာအတွင်း ARSA များ လှုပ်ရှားနေမှုကြောင့်သာ တပ်မတော်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို မည်သည့်အတွက်ကြောင့် တိုက်ခိုက်သည်ကို မသိရှိဟုဆိုကြောင်း၊ သို့သော် ၎င်း၏ဇနီးနှင့် ကလေးများ အပါအဝင် အမျိုးသမီးနှင့် ကလေး ၁၀၀ ခန့်ကို မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်တစ်လုံး၌ ထိန်းသိမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ဘေးမသီ ရန်မခဘဲ လွတ်မြောက်ခဲ့ကြောင်း၊ ၎င်းတို့မိသားစု အနေဖြင့် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းကို ထွက်ခွာခဲ့စဉ်ကလည်း လမ်းတွင် အနှောင့်အယှက် မရှိခဲ့ဟု ထွက်ဆိုခဲ့သည်ကို သိရှိစေလိုပါကြောင်း၊ ၎င်း၏ ညီအစ်ကို ဝမ်းကွဲတော်စပ်သူသည် ယခုအချိန်အထိ ရခိုင်ပြည်နယ်တွင်ရှိပြီး အစိုးရဝန်ထမ်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း။

ဒုတိယသက်သေ NJ (အမည်လွှဲ)ကလည်း အိမ်တွင်း၌သာ နေထိုင်သူဖြစ်ပြီး ARSA ကို မသိရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့ပါကြောင်း၊ သို့သော် Legal Action Worldwide (LAW)တွင် ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ယခုတရားရုံးသို့ တင်ပြသည့် ထွက်ချက်များ ကွဲပြားနေသည်ကို တွေ့ရကြောင်း၊ အကယ်၍ တရားရုံးတွင် ထွက်ဆိုမှုများမှာ မှန်ကန်သည်ဟု ယူဆသည့်တိုင် LAW တွင် ဖော်ပြသည့် ထွက်ဆိုချက်များမှာ မှားယွင်းသည်ဟု ကောက်ချက် ချရမည်ဖြစ်ကြောင်း။

တတိယသက်သေ MS (အမည်လွှဲ)ကလည်း ARSA အကြောင်းသိရှိသော်လည်း ဖုံးကွယ်ထွက်ဆိုခဲ့ပါကြောင်း၊ ၎င်း၏ ထွက်ဆိုချက်များမှာ ယုံကြည်နိုင်စရာမရှိပါကြောင်း၊ ၎င်းသည် ရွာနှင့်တစ်မိုင်ခန့်ဝေးသည့်ချောင်းကို ဖြတ်ကျော်ထွက်ပြေးခဲ့ပြီးနောက် ရွာတွင်း၌ ဖြစ်စဉ်များကို မြင်တွေ့ရကြောင်း ထွက်ဆိုမှုမှာ လုပ်ကြံထွက်ဆိုမှုများဖြစ်ကြောင်း၊ ၎င်း၏ ယခင် LAW ၌ ထွက်ဆိုခဲ့သော ထွက်ချက်တွင် ချောင်းဖြတ်ပြီးနောက် ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ဖြစ်စဉ်များကို မသိကြောင်းဆိုသော်လည်း ယခု ထွက်ဆိုချက်တွင် ဖြစ်စဉ်များကို ပြောပြနိုင်သဖြင့် ၎င်း၏မှတ်မိနိုင်စွမ်းမှာ မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် သက်သေသုံးဦးလုံးက ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံကို သတင်းပေးနေသူများရှိသဖြင့် ၎င်းတို့၏ အမည်များကို လျှို့ဝှက်ထားပေးရန် တောင်းဆိုမှုများမှာ တူညီနေကြောင်း၊ အမှန်စင်စစ်တွင် ၎င်းတို့အနေဖြင့် ARSA ၏ လွှမ်းမိုးမှုကြောင့် ARSA အကြောင်း ထုတ်ဖော်ပြောဆိုရဲခြင်းမရှိကြောင်း လျှောက်လဲသည်။

ဆက်လက်ပြီး Mr. David Hooper က မြန်မာဘက်မှ တင်သွင်းသည့် သက်သေ M1 (အမည်လွှဲ)၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ M1 ၏ ထွက်ချက်တွင် ARSA ၏ ရက်စက်ကြမ်းကြုတ်မှု၊ လိမ်ညာထွက်ဆိုရန် ခြောက်လှန့်ပြီး မြန်မာနိုင်ငံကို အပြစ်ပုံချခိုင်းမှု၊ ရခိုင်ရွာများနှင့် ရဲစခန်းများကို တိုက်ခိုက်ရန် အကြံအစည်ရှိမှုတို့ ပေါ်လွင်ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးခေါ်ဆောင်သူများ၊ အမျိုးသားများကို သတ်ဖြတ်သူများမှာ တစ်ရွာတည်း အတူနေ ဘင်္ဂါလီရွာသားဖြစ်ကြောင်း အချက်အလက်များကို လေ့လာကြည့်ပါက ရွာများတွင် ARSA ဩဇာခံအများအပြားရှိသည်ကိုတွေ့ရှိရကြောင်း၊ ခမောင်းဆိပ် ဖြစ်စဉ်၌ ဟိန္ဒူနှင့် တိုင်းရင်းသား ၁၀၅ ဦး သတ်ဖြတ်ခံရမှုကို သက်သေအထောက်အထား အချက်အလက်ခိုင်မာစွာဖြင့် ထွက်ဆိုခဲ့ပါကြောင်း။

ဂမ်ဘီယာက တင်သွင်းသည့် သက်သေသုံးဦးသည် ယခင်စာဖြင့် တင်သွင်းခဲ့စဉ်က ထွက်ဆိုချက်များ FFM ၊ IIMM ၌ ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိကြောင်း၊ မြန်မာရှေ့နေများက ထောက်ပြပြောဆိုနိုင်ခြင်း၊ အထူးသဖြင့် ARSA အကြမ်းဖက်၏ တိုက်ခိုက်မှုများနှင့် ARSA ၏ အရေးပါသည့် အခန်းကဏ္ဍများကို ဖုံးကွယ်ထွက်ဆိုမှုများ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက တရားဥပဒေနှင့်အညီ အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်မှုကို လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်ထွက်ဆိုမှုများအပေါ် ထောက်ပြပြောဆိုခဲ့ကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေ Newton ၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ ၎င်းအား တရားရုံးသို့ တင်သွင်းသည့် သုံးသပ်ချက်များသည် လုပ်ငန်းလမ်းညွှန်ချက်မရှိသည်ကို တွေ့ရကြောင်း။

၎င်းက လက်နက်ကိုင်သောင်းကျန်းမှုတုံ့ပြန်သည့် စစ်ဆင်ရေး (COIN)ဆိုင်ရာ ပညာရှင်ဟု ဆိုသော်လည်း ၎င်း၏ တတ်ကျွမ်းမှုဘောင်ကိုကျော်၍ လူမျိုးသုဉ်းစေမှုဆိုင်ရာ ပညာရှင်ကဲ့သို့ ထွက်ဆိုထားကြောင်း၊ ၎င်း၏ ပထမအစီရင်ခံစာတွင် ARSA အကြောင်းကို ဖော်ပြခြင်းမရှိကြောင်း၊ ဒုတိယအစီရင်ခံစာတွင်မှသာ ARSA သည် အင်အားရှိသည့် တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည်ဟုဆိုကြောင်း၊ ၎င်းအနေဖြင့် ယခုအမှုတွင် ဂမ်ဘီယာအတွက် ပံ့ပိုးနေသည့် အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်းကို ဝန်ခံထားကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေ Ms. Leigh Lawrie က ARSA အကြောင်းနှင့် ARSA အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများကို ကယ်တင်ခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ တရားသူကြီး Brent က မေးမြန်းသည့် ARSA ၏ ဖွဲ့စည်းပုံ၊ အင်အား၊ တိုက်ခိုက်မှုစွမ်းရည်တို့ကို ဖြေကြားရမည်ဆိုလျှင် ARSA သည် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ပုဂ္ဂိုလ်များထံမှ အထောက်အပံ့ရရှိကြောင်း၊ အင်အားတိုးချဲ့၍ အကြမ်းဖက်တိုက်ခိုက်ရေး သင်တန်းများပေးကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်နိုင်ရာမှ ၂၀၁၇ ခုနှစ်တွင် ရဲကင်းစခန်း ၃၀ ကို တစ်ပြိုင်တည်း တိုက်ခိုက်နိုင်သည်အထိ အင်အားစုဖွဲ့လာနိုင်ကြောင်း၊ လက်လုပ်ဗုံး(IED)များ ထုတ်လုပ်နိုင်ပြီး ကင်းထောက်နိုင်သည့် စွမ်းရည်လည်းရှိကြောင်း။

၎င်းတို့သည် ထောက်ခံသူများကို အားပြု၍ တိုက်ခိုက်မှုများ ပြုလုပ်ကြောင်း၊ ARSA အင်အား ၁၇၀၀၀ ကျော်ရှိကြောင်း၊ တရားသူကြီး၏ ဒုတိယမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စစ်ဆင်ရေးပြုလုပ်ရာတွင် ARSA ၏ ထောက်ခံသူများမှာ ရာနှင့်ချီရှိပြီး အကြမ်းဖက်တိုက်ခိုက်ရာတွင် တုတ်၊ ဓားများ ကိုင်ဆောင်ကာ လူအရေအတွက် အသာစီးယူ၍ တိုက်ခိုက်ကြောင်း၊ သို့ဖြစ်ရာ ထောက်ခံသူများဟု ဆိုသည်မှာ လိုက်လံတိုက်ခိုက်ပေးသူများဖြစ်ကြောင်း၊ တရားသူကြီး၏ တတိယမေးခွန်းဖြစ်သည့် တိုက်ပွဲအတွင်း တိုက်ခိုက်ရေးသမားများနှင့် အရပ်သားကို ခွဲခြားပုံနှင့်ပတ်သက်၍ တပ်မတော်က တိုက်ပွဲများမစတင်မီကပင် တပ်သားများအား တိုက်ပွဲအတွင်း လိုက်နာကျင့်သုံးရမည့် စည်းမျဉ်း(RoE)ကို ညွှန်ကြားခဲ့ပါကြောင်း၊ ထို့အပြင် စည်းမျဉ်းများ ဖော်ပြထားသည့် အိတ်ဆောင်ကတ်ပြားများကို တပ်သားတိုင်းအား ပေးအပ်ခဲ့ကြောင်း။

ပစ်ခတ်ရာတွင် မိမိအသက်အန္တရာယ်ကျရောက်နိုင်သည့် တိုက်ခိုက်မှုအခြေအနေ ကျရောက်ချိန်နှင့် လက်နက်ကိုင်ဆောင်ထားသူများကိုသာ ပစ်ခတ်ရန် ညွှန်ကြားထားကြောင်း၊ တရားသူကြီး၏ စတုတ္ထမေးခွန်းဖြစ်သည့် တိုက်ပွဲများအတွင်း ARSA မည်မျှသေဆုံးသည်၊ အရပ်သား မည်မျှသေဆုံးခဲ့သည်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဖြစ်စဉ်တွင် ARSA ၆၉ ဦးသေဆုံးပြီး ၂၀၁၇ ဖြစ်စဉ်တွင် ARSA ၃၇၆ ဦး သေဆုံးခဲ့ပါကြောင်း၊ သို့သော် ICOE အစီရင်ခံစာအရ အရပ်သားများလည်း သေဆုံးကြောင်း ဖော်ပြထားပြီး ယင်းအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် တိုက်တွန်းထားကြောင်း၊ တရားသူကြီး Pillay ၏ မေးခွန်းဖြစ်သည့် တပ်မတော်အနေဖြင့် အရပ်သားများကို ကယ်တင်မှုနှင့်ပတ်သက်၍ ARSA က လိုက်လံသတ်ဖြတ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်၊ ဟိန္ဒူများကို ကယ်တင်ပေးခဲ့ကြောင်း၊ ARSA က သတင်းပေးဟု စွပ်စွဲသည့် ဘင်္ဂါလီများကိုလည်း ကယ်တင်ကြောင်း၊ ရခိုင်နှင့် ဘင်္ဂါလီများ ပဋိပက္ခမဖြစ်စေရန် ကာကွယ်ပေးကြောင်း လျှောက်လဲသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀:၀၀ နာရီတွင် မြန်မာနိုင်ငံ၏ ဒုတိယအကျေ လျှောက်လဲချက်များ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**ဒုတိယသက်သေ NJ (အမည်လွှဲ)ကလည်း အိမ်တွင်း၌သာ နေထိုင်သူဖြစ်ပြီး ARSA ကို မသိရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့ပါကြောင်း၊ သို့သော် Legal Action Worldwide (LAW)တွင် ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ယခုတရားရုံးသို့ တင်ပြသည့်ထွက်ချက်များ ကွဲပြားနေသည်ကို တွေ့ရကြောင်း၊ အကယ်၍ တရားရုံးတွင် ထွက်ဆိုမှုများမှာ မှန်ကန်သည်ဟု ယူဆသည့်တိုင် LAW တွင် ဖော်ပြသည့် ထွက်ဆိုချက်များမှာ မှားယွင်းသည်ဟု ကောက်ချက်ချရမည်**

Mr. David Hooper

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာမြို့ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ကြည့်ရှုအားပေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး











**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မိတ္ထီလာခရိုင်ရှိ MSME လုပ်ငန်းများ၏ ထုတ်ကုန်များအား ဒေသတွင်းမှတစ်ဆင့် နိုင်ငံအဝှမ်း သိရှိကာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်စေရေး အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ထုတ်ကုန်ပြခန်း (၁၁)ခန်း၊ သွင်းကုန်အစားထိုးလုပ်ငန်း ပြခန်း(၃)ခန်းနှင့် ဒေသတစ်ခုထုတ်ကုန်တစ်ခုပြခန်း (၅)ခန်း၊ လယ်ယာသုံးစက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ ပြခန်းများဖြင့် ခင်းကျင်းပြသထားမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာ ခရိုင်အားကစားကွင်းသို့ရောက်ရှိပြီး တာဝန်ရှိသူများက အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ မီတာ ၄၀၀ ပြေးလမ်း synthetic ရော်ဘာပြေးလမ်းခင်းခြင်း၊ ရေစိမ့်မြောင်းနှင့် မြက်စိုက်ခြင်း၊ Sprinkler တပ်ဆင်ခြင်း၊ အတွင်းရေစိမ့်မြောင်း ဆောင်ရွက်ခြင်း၊ Ground Tank တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဘက်စုံသုံးခန်းတည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ စာချုပ်ပါသတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံဖြစ်စေရေးနှင့် လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ပင်မဆောင်အဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ သင်တန်းသား၊ သင်တန်းသူများအတွက် (၁၅၈ ပေ x ၇၆ ပေ) RC ၃ ထပ် စားသောက်ဆောင် တည်ဆောက်နေမှု၊ (၃၄၅ ပေ x ၂၂၅ ပေ) ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသူများအနေဖြင့် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီသည့် လုပ်ငန်းများဖြစ်စေရေး အလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ဆောင်ရွက်နေသည့် လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာကန်ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက မိတ္ထီလာကန်မှ စိုက်ပျိုးရေနှင့် မြို့လူထု သောက်သုံးရေအတွက် ဖြန့်ဝေပေးနေမှု၊ ကန်များအတွင်း ရေဝင်ရောက်မှု၊ ထိန်းသိမ်းထားမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေများဖြန့်ဝေပေးရာတွင် ထိရောက်မှုရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး၊ ကန်ပေါင်များ ကြံ့ခိုင်မှုရှိရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)ဧရိယာအရှေ့ မိုင်တိုင် ၁၃/၀၊ ရန်ကုန်-မန္တလေးလမ်း လမ်းဘေးဝဲ၊ ယာရှိ သစ်ပင်ကြီးများအား အလင်းဖွင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ)သို့ရောက်ရှိပြီး တာဝန်ရှိသူများက တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ကျောင်းရှိ အဆောက်အအုံအဟောင်း(၄)လုံးအား ဖျက်သိမ်း၍ RCC (၃ ထပ်) စာသင်ဆောင်သစ်(၃)ဆောင်အား ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ စာသင်ဆောင်များအား လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်၊ ကန်သာအုပ်စု၊ ဆပ်ခင်းပေါက်ကျေးရွာရှိ ကြက်သွန်နီစိုက်ပျိုးနည်းပညာပေး စံပြစိုက်ခင်း(၁၀၀)ဧကသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် စိုက်ပျိုးတောင်သူများက ရွှေဖလားထိပ်မောက်မျိုးအား စိုက်ပျိုးရှင်သန်နေမှု၊ တစ်ဧက ကုန်ကျစရိတ်နှင့် တစ်ဧက အထွက်နှုန်း၊ ဈေးကွက်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် မိတ္ထီလာစက်မှုဇုန်(၂)လမ်းထောင့်မှစ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဝင်ပေါက်လမ်းအထိ တိုးချဲ့ကတ္တရာလမ်း(အရှည်ပေ ၂၄၀၀ နှင့် အကျယ်ပေ ၅၀)ခင်းကျင်းရန်အတွက် မြေကြီးဖို့ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

သတင်း–စာမျက်နှာ ၅





## ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**မြို့သစ် ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကလေးသူငယ်များ အသက်မွေးဝမ်းကျောင်း အတတ်ပညာရရှိစေရန်၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဘက်စုံသုံး ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်ရာတွင် ပါဝင်သည့်ပစ္စည်းများ၊ ဆပ်ပြာဆီပြုလုပ်နည်း အဆင့်ဆင့်တို့အား ရှင်းလင်းပြသရာ ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိဇွန်(ပြန်/ဆက်)



## ကလေးသူငယ် အကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး ဇန်နဝါရီ ၂၉**

ကလေးသူငယ်များအား အကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာအုပ်စုရှိ သစ္စာရေတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်းရှိ စုဝေးကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကလေးသူငယ်များအား အကြမ်းဖက်မှု ကာကွယ်ရေးအကြောင်းကို အကျယ်တဝင့် အသိပညာပေး ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူကလေးများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၀)

၀-၀-၀-၀-၀



## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ် ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက ပြိုင်ပွဲများ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲများကိုကျင်းပရာ ပြိုင်ပွဲတစ်ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များနှင့် ပြည်သူများအား အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားလာစေရန်၊ အသိပညာဗဟုသုတ ရရှိစေရန်နှင့် စာကြည့်တိုက်နှင့် ပိုမိုရင်းနှီးလာစေရန် ရည်ရွယ်၍ သင်တန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ အသိပညာပေး (Talk Show) များကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

သွေးသွေး(ခရိုင်–ပြန်/ဆက်)



## ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးများတိုက်ကျွေး၊ ကျန်းမာရေးအသိပညာပေးဟောပြော

**မတ္တရာ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကျောင်းပြင်ပမူလတန်းပညာရေးကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဆရာမများမှ ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းမှ စတင်၍ တိုက်ကျွေးလျက်ရှိသည်။

ထိုသို့ သန်ချဆေးများတိုက်ကျွေးရာ မတ္တရာမြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ကျန်းမာရေးဆရာမများက အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကျောင်းပြင်ပမူလတန်းပညာရေးကျောင်းသို့ သွားရောက်ကာ သန်ချဆေးများတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါ သန်ချဆေးများ တိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ ကျောင်းသား၊ ကျောင်းသူ ၁၅၀၀၀ ကျော်အား တိုက်ကျွေးကြောင်း သိရသည်။

(၄၆၂)

❁ စာမျက်နှာ ၂၄ မှ

နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားကြောင်း၊ ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိကြောင်း၊ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ် ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါစီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ ယနေ့အထိ ၄၀၀ လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်–ဂုတ်ထိပ် အသွား/အပြန် ခရီးစဉ်အတွက် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တို့၌ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ သီးခြားရက်များတွင်ငှားရမ်းလိုပါက RBE ရထား (တစ်စင်းလုံး) ၂၄ ဦး လိုက်ပါ စီးနင်းနိုင်သည့် အထက်တန်းတွဲဖြင့် အသွား/အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်သည်။ ထို့အတူခရီးသည် ၁၅၀ နှင့်အထက် စီးနင်းနိုင်ရန် ရထားကြီးဖြင့် ထိုင်ခုံ ၃၀ ပါ အထက်တန်းတွဲ၊ ထိုင်ခုံ ၆၀ ပါ ရိုးရိုးတန်းတွဲနှင့် ဘရိတ်တွဲတို့ဖြင့် ချိတ်ဆက်၍ ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင် ခရီးစဉ်အပြင် ဇီးပင်ကြီး၊ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့မှ လိုက်ပါစီးနင်းလိုပါကလည်း ပြေးဆွဲပေးမည်ဖြစ်ရာ ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင် အသွား/အပြန် ရိုးရိုးတန်း တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ နှင့်အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်ပြီး အနီးစခန်းဘူတာမှ စတင်ပြေးဆွဲပေးခဲ့မှုအတွက် ရိုးရိုးတန်း တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀နှင့် အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ ကောက်ခံပြေးဆွဲပေးခဲ့သည်။

အထက်ပါ နှုန်းထားများဖြင့် ရှုခင်းကြည့် Sightseeing ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင် ဖုန်း ၀၉–၄၄၈၅၃၈၈၃၀ မှ တစ်ဆင့် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်( ၂၅ / ၂၀၂၆ )
၁၃၈၇ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဦးနော်တောင် | ၁/မကန(နိုင်)၀၃၄၅၁၆ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဦးစိန်ဝင်းထွန်း | ၁/မညန(နိုင်)၀၁၈၀၉၆ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)** | | | | |
| ( ၃ ) | ဦးဇုန်းလုတ် | ၁/မကန(နိုင်)၀၇၄၉၀၆ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးအောင်ဆန်းထူး | ၁/ဗမန(နိုင်)၀၅၁၃၉၄ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) | ဦးစိန်လွင်ဦး | ၁/မညန(နိုင်)၀၀၄၀၉၆ | အမှတ်(၁၁) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ( ၆ ) | ဒေါက်တာ မနာမ်တူးဂျာ | ၁/မကန(နိုင်)၁၁၉၂၈၆ | အမှတ်(၁၂) | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၇ ) | ဦးအောင်သိန်းဝင်း | ၃/ကကရ(နိုင်)၀၀၀၇၁၆ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) | ဦးဟန်လင်းထွန်း | ၃/ကဆက(နိုင်)၀၄၀၃၁၂ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| ( ၉ ) | ဦးစောနေလင်းအောင် | ၃/ဘအန(နိုင်)၂၂၃၂၁၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးချစ်ဝေ | ၃/ဘအန(နိုင်)၀၂၀၇၀၅ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | စောမြတ်ထွဋ်ဝင်း (ခ)ကိုဆွိ | ၃/ကကရ(နိုင်)၀၁၁၂၁၁ | အမှတ်(၉) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၂) | နန်းစောစောမွန် | ၃/ဘအန(နိုင်) ၀၈၃၇၇၈ | အမှတ်(၁၀) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၃) | နော်ယုဇနဝါ | ၃/ဘအန(နိုင်)၀၀၄၇၀၆ | အမှတ်(၁၁) | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ |
| (၁၄) | ခွန်ဝင်းဦး | ၃/ဘအန(နိုင်)၀၁၇၁၆၄ | အမှတ်(၁၂) | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၅) | ဒေါ်ကျော့ယဉ်ဝင်း | ၅/ယမပ(နိုင်)၀၃၄၂၆၁ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်)မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၁၆) | ဦးသိန်းလှိုင် | ၉/မခန(နိုင်)၀၀၇၅၇၈ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးကျော်ဇင်ထွန်း | ၅/ဟမလ(နိုင်)၀၇၁၂၅၃ | အမှတ်(၈) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၈) | ဦးသန်းအောင် | ၆/ကစန(နိုင်)၀၃၀၆၁၃ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးမောင်စိန် | ၆/ထဝန(နိုင်)၀၀၈၇၁၃ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးမိုးမြင့် | ၆/မအရ(နိုင်)၀၀၉၄၅၉ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
# ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့် သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်သူများအား ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ်အမိန့်များချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်သူများအား ဇန်နဝါရီ ၂၈ ရက်တွင် ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ်အမိန့်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ သတ်ဖြတ်ပြီး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်သွားသူ တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



သိန်းဇော်(ခ)ကိုသိန်း



သောင်းဝင်းအောင်(ခ)ချစ်ဖူး

ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ သတ်ဖြတ်ပြီး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်မှုဖြစ်စဉ်မှ သက်သေခံပစ္စည်းများ ရောင်းချဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြသည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



အောင်ကိုဦး(ခ)ဘယ်ကြီး



နန်းရွှေစင်(ခ)ကုလားမ



အောင်ဇော်(ခ)ကိုဇော်

**ဖမ်းဆီးရမိ**

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဥတ္တရသီရိမြို့နယ် မောင်းရမ်းအုပ်စု မောင်းရမ်းကျေးရွာနေ မအိအိငြိမ်း(၂၃)နှစ်သည် ၎င်း၏နေအိမ်မှ ယောက္ခမဖြစ်သူ နေအိမ်သို့ တစ်ဦးတည်းဆိုင်ကယ်ဖြင့် ထွက်ခွာသွားခဲ့ရာ ညနေ ၆ နာရီခွဲတွင် ဇလောင်းအုပ်စု ငန်းစပ်ကျေးရွာ V4 လမ်း ရွှေနံ့သာသားသတ်ရုံ မျက်စောင်းထိုးကား လမ်း အရှေ့ဘက်ခြမ်း ချုံတောအတွင်း၌ ဒဏ်ရာများဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိရပြီး ၎င်းမောင်းနှင်သွားသည့် ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သဖြင့် တောင်ညို နယ်မြေရဲစခန်း(ပ) အမှတ် ၄၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူများသည် ဇမ္ဗူသီရိမြို့နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်း လာရောက်လုပ်ကိုင်သူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ကဝမြို့နယ် အင်းမော်ကျေးရွာနေ သိန်းဇော်(ခ)ကိုသိန်း(၄၃)နှစ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၇)ရပ်ကွက်နေ သောင်းဝင်းအောင် (ခ)ချစ်ဖူး(၂၃)နှစ်၊ ဒက္ခိဏသီရိမြို့နယ် စိုက်ခင်း(၃) ကျေးရွာနေ အောင်ကိုဦး(ခ)ဘယ်ကြီး (၂၇)နှစ်နှင့် ကဝမြို့နယ် ဝါးတောကျေးရွာနေ နန်းရွှေစင်(ခ) ကုလားမ(၄၁)နှစ်တို့အား ဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် CANDA 110 ဆိုင်ကယ်တစ်စီးနှင့်အတူ စက်တင်ဘာ ၁ ရက် ညပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုမှ ဖမ်းဆီးရမိခဲ့ပြီး ပူးပေါင်းပါဝင်ခဲ့သည့် ဒေးဒရဲမြို့ အမှတ်(၂) ရပ်ကွက်နေ အောင်ဇော်(ခ) ကိုဇော်(၄၄)နှစ်အား စက်တင်ဘာ ၂ ရက် ညပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် စိုက်ခင်း(၃)ကျေးရွာ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ပြစ်ဒဏ်များအား သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ သိန်းဇော်(ခ)ကိုသိန်းနှင့် သောင်းဝင်းအောင်(ခ)ချစ်ဖူးတို့သည် အခင်းဖြစ်သည့်နေ့တွင် အရက်သေစာသောက်စားနေစဉ် မအိအိငြိမ်း မောင်းနှင်လာသည့် ဆိုင်ကယ်အား တွေ့ရှိ၍ တားဆီးကာ အဓမ္မဝိုင်းဝန်းပြုကျင့်စဉ် မအိအိငြိမ်းက ရုန်းကန်ထွက်ပြေး၍ သစ်သားတုတ်ဖြင့် လည်ပင်းနှင့် ဦးခေါင်းတို့အား ရစ်ချက်ခန့်ရိုက်နှက်ခဲ့ရာ သေဆုံးသွားခဲ့သဖြင့် မအိအိငြိမ်းထံမှ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေနားကပ်တစ်ရန်နှင့် ဆိုင်ကယ်တို့အား ယူဆောင်ခဲ့ကြောင်းနှင့် အောင်ကိုဦး(ခ) ဘယ်ကြီး၊ နန်းရွှေစင်(ခ) ကုလားမနှင့် အောင်ဇော်(ခ) ကိုဇော်တို့က လုယက် ယူဆောင်ခဲ့သည့် ရွှေထည် ပစ္စည်းများနှင့် ဆိုင်ကယ်တို့အား ရောင်းချဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ငါးဦးအား တောင်ညိုနယ်မြေရဲစခန်းမှ ဥတ္တရခရိုင်တရားရုံးသို့ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၇၆/၃၇၇/၃၉၄/၃၁၆ အရ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ်(၄၁/၂၀၂၅)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် မအိအိငြိမ်းအား အဓမ္မပြုကျင့်ကာ တုတ်နှင့်ရိုက်သတ်၍ နားကပ်၊ လက်စွပ်နှင့် ဆိုင်ကယ်တို့ကို လုယက်ယူဆောင်သွားသူ တရားခံ သိန်းဇော်(ခ) ကိုသိန်းနှင့် သောင်းဝင်းအောင်(ခ) ချစ်ဖူးတို့အား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ)အရ မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်စေရန် (သေဒဏ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် နှစ်(၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ (၁)အရ ထောင်ဒဏ် နှစ်(၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၇ အရ ထောင်ဒဏ် နှစ်(၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၁၆ အရ ထောင်ဒဏ် (၁၀)နှစ် (ဆယ်နှစ်)စီ အသီးသီး ကျခံစေရန်နှင့် ပြစ်ဒဏ်များအား သီးခြားစီ ကျခံစေရန်ဟုလည်းကောင်း၊ ရွှေထည်ပစ္စည်းများနှင့် ဆိုင်ကယ်အား ရောင်းချဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်ခဲ့ကြသည့် တရားခံ အောင်ကိုဦး(ခ) ဘယ်ကြီး၊ နန်းရွှေစင်(ခ) ကုလားမ၊ အောင်ဇော်(ခ) ကိုဇော်တို့အား ရာဇသတ်ကြီး ပုဒ်မ ၄၁၄ အရ ထောင်ဒဏ် (၃)နှစ် (သုံးနှစ်)၊ ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ ထောင်ဒဏ် (၆)လ(ခြောက်လ)စီ အသီးသီးကျခံစေရန်နှင့် ပြစ်ဒဏ်များအား သီးခြားစီကျခံစေရန်ဟုလည်းကောင်း အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ




## ရာယန် ဘုန်းမောက်အသင်းတွင် ကျောနံပါတ် (၃၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇန်နဝါရီ ၂၉**

ကွင်းလယ်တိုက်စစ်ကစားသမား ရာယန်သည် ဘုန်းမောက်အသင်းတွင် ကျောနံပါတ် (၃၇) ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိ ဈေးကွက်အတွင်းတွင် ဗာစကိုဒဂါးမားအသင်းမှ ဘုန်းမောက်




အသင်းသို့ ငါးနှစ်ခွဲစာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ရာယန်သည် ဗာစကိုဒဂါးမားအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ ပွဲကစားကာ ၂၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ရာယန်က "ကျွန်တော် ဘုန်းမောက်အသင်းမှာ ကျောနံပါတ် (၃၇)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ" ဟု ပြောသည်။ **(ဝဲပုံ)(NGB)**



## မန်စီးတီးအသင်းက ဂါလာတာစာရေးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇန်နဝါရီ ၂၉**

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ် (၈)အဖြစ် ယနေ့ နံနက်ပိုင်းက မန်စီးတီးအသင်းနှင့် ဂါလာတာစာရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဂါလာတာစာရေးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၂၉ မိနစ်တွင် ချာကီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

မန်စီးတီးအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ် (၈)ပွဲစလုံးကစားအပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ **(NGB)**

## ဇူးမာအား ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် ဇန်နဝါရီ ၂၉**

ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား ဇူးမာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အဲဗာတန်၊ စတုတ်စီးတီး၊ ဝက်စ်ဟမ်း၊ ချဲလ်ဆီး၊ စိန့်အက်တီယန်း၊ CFR Cluj စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဇူးမာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြန်လည်လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော ဇူးမာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**




## ထရာအိုရေးအား ဝက်စ်ဟမ်းအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၉**

ဝက်စ်ဟမ်းအသင်းသည် ဖူလ်ဟမ်အသင်း တောင်ပံကစားသမား ထရာအိုရေးအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ ပွဲ ကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်း




ပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းထုတ်ပြန်ချက်တွင် "ထရာအိုရေးအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းပေါ် များစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## တီလေမန်းစ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၂၉**

အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား တီလေမန်းစ်သည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းက နယူးကာဆယ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား တီလေမန်းစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား တီလေမန်းစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၁ ပွဲ ကစားကာ ကိုးဂိုးထိ သွင်းယူထားသည်။ **(ယာပုံ)(NGB)**



## 2026 Australian Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jessica Pegula တက်ရောက်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၉**



ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်မယ် Jessica Pegula တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Amanda Anisimova အား ၆-၂၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2026 Australian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula နှင့် ကာဇက်စတန်တင်းနစ်မယ် Elena Rybakina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၁-၂၀၂၆ သောကြာနေ့ | ညနေ၃း၃၀နာရီ | (၁၁)ဒဲ့ဂုံယို - ဟံသာဝတီ(၇)<br>(D,W,D,D,L) (D,W,W,L,L) | ဒဲ့ဂုံယို ၁-၂ ဟံသာဝတီ<br>ဟံသာဝတီ ၄-၃ ဒဲ့ဂုံယို |
| ” | ” | (၆)ရတနာပုံ - သဈှာအားမာန်(၁၀)<br>(D,L,L,D,D) (D,D,L,L,D) | ရတနာပုံ ၀-၀ သဈှာအားမာန်<br>သဈှာအားမာန် ၁-၂ ရတနာပုံ |
| ၃၀-၁-၂၀၂၆ သောကြာနေ့ | ညနေ၄း၀၀နာရီ | (၅)ISPE - ရန်ကုန်(၂)<br>(W,L,W,D,L) (D,W,W,W,W) | ISPE ၁-၃ ရန်ကုန်<br>ရန်ကုန် ၂-၁ ISPE |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁-၂၀၂၆ နံနက် ၀၂း၃၀ နာရီ | (၇)ဘရစ္စတိုး - ဒါဘီ(၁၁)<br>(L,W,D,L,W) (L,L,W,W,D) | ဘရစ္စတိုး ၁-၀ ဒါဘီ<br>ဒါဘီ ၃-၀ ဘရစ္စတိုး |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁-၂၀၂၆ နံနက် ၀၂း၀၀ နာရီ | (၁၀)ကိုလုံး - ဝုဖ်ဘတ်(၁၂)<br>(W,D,L,W,L) (D,L,W,D,L) | ကိုလုံး ၁-၂ ဝုဖ်ဘတ်<br>ဝုဖ်ဘတ် ၁-၁ ကိုလုံး |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁-၂၀၂၆ နံနက် ၀၂း၁၅ နာရီ | (၉)လာဇီယို - ဂျီနိုအာ(၁၃)<br>(L,D,W,L,D) (D,D,W,D,W) | လာဇီယို ၃-၀ ဂျီနိုအာ<br>ဂျီနိုအာ ၀-၂ လာဇီယို |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁-၂၀၂၆ နံနက် ၀၂း၁၅ နာရီ | (၂)လန်းစ် - လီဟာဗာ(၁၅)<br>(W,W,W,W,L) (L,L,W,D,D) | လန်းစ် ၃-၄ လီဟာဗာ<br>လီဟာဗာ ၁-၂ လန်းစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၁-၁-၂၀၂၆ နံနက် ၀၂း၃၀ နာရီ | (၅)အက်စ်ပန်ညို - အလာဗက်စ်(၁၅)<br>(W,L,D,L,L) (D,L,W,L,W) | အက်စ်ပန်ညို ၃-၂ အလာဗက်စ်<br>အလာဗက်စ် ၀-၁ အက်စ်ပန်ညို |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၁၂)၊ ဦးပိုင်အမှတ်(၇၉-ခ)၊ မြေဧရိယာ (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးဆန်းထွန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်ဝင်း(ဘ)ဦးသန်းမောင်(၉/မခန(နိုင်)၁၇၃၈၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B)**
**ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၂)၊ ဦးပိုင်အမှတ်(၄၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်သွယ်သွယ်ဝင်း အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်ဇာလှိုင်(ဘ)ဦးကျော်စိန်(၉/မသန(နိုင်)၁၀၉၃၃၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B)**
**ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၃)၊ ဦးပိုင်အမှတ်(၆၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးအောင်စိုး အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးလှိုင်(ဘ)ဦးဘမြိုင်(၉/ကဆန(နိုင်)၁၀၅၄၇၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B)**
**ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၅၃)နေ ဦးသိန်းခိုင်(၇/ဒဥန(နိုင်)၁၀၃၉၄၈)၊ ဒေါ်ရွှေယဉ်(၇/ဒဥန(နိုင်)၀၈၉၉၈၂)တို့၏ သားဖြစ်သူ မောင်ဉာဏ်လင်းခိုင်(၉/ခမစ(နိုင်)၀၆၉၂၃၂)အား (၅-၃-၂၀၂၄)ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ယခုအခါ မိသားစု ပြန်လည်သင့်မြတ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းခိုင် + ဒေါ်ရွှေယဉ်**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော ဒေါ်မြို့ရင် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကံစိန်(ဘ)ဦးအေးလွင်(၅/ငဇန(နိုင်)၀၄၈၀၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အဝရဇ္ဇာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၃၉၂)ဧက အကျယ်အဝန်းရှိသော ဒေါ်စန္ဒာဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံ၊ ရေမီတာ၊ ကျိုးရေ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးမျိုးထွေး(ဘ)ဦးသက်ထွန်း(၉/မနမ(နိုင်)၁၀၅၂၇၃)၊ (၂) ဒေါ်စန္ဒာဝင်း(ဘ)ဦးစိုးဝင်း(၉/မနမ(နိုင်)၁၀၆၇၀၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁၂)၊ ဦးပိုင်နံပါတ်(၉၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှငွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သီဂီအောင်(ဘ)ဦးအောင်သန်း(၉/မရတ(နိုင်)၁၁၀၀၇၄)နှင့် ဒေါ်မြတ်သန္တာအောင်(ဘ)ဦးအောင်သန်း(၉/မရတ(နိုင်)၁၁၀၀၇၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၅)၊ ဦးပိုင်နံပါတ်(၂၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသန်းစိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းစိုး(ဘ)ဦးသန်းငွေ(၉/မရမ(နိုင်)၀၅၁၂၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္ဘောတကျေးရွာအုပ်စု၊ သမ္ဘောတကျေးရွာ၊ ကွင်း၊ အကွက်အမှတ်(၅၄၂/အောင်ပင်လယ်ကန်တွင်း)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၂ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးညိုမောင်(ဘ)ဦးတင်မောင်(၉/အမရ(နိုင်)၁၁၁၈၁၄) အမည်ဖြင့် ပုံစံ(၇)ရရှိထားသော လယ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ လယ်မြေကွက်အတွင်းမှ ဧရိယာ(ပေ ၄၀× ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မမလေး(ဘ)ဦးချမ်းလှိုင်(၉/မရမ(နိုင်)၀၅၅၁၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်း များနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc,PGDL |

**အထက်တန်းရှေ့နေများ**

၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင် အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကအကျယ်အဝန်းရှိ မြေကွက်မှာ ဦးမဲ(ဘ) ဦးဒေဝ(ခ)ဦးအေး (EMDY-၃၀၅၅၆၅၊ ၉/မရတ(နိုင်)၀၉၅၉၂၉)အမည်ပေါက် ဂရန် မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမဲ(ဘ)ဦးဒေဝ(ခ)ဦးအေး(EMDY-၃၀၅၅၆၅၊ ၉/မရတ(နိုင်)၀၉၅၉၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc,PGDL |

**အထက်တန်းရှေ့နေများ**

၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင် အမှတ်(၄၂)၊ မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧကအကျယ်အဝန်းရှိ ဦးအုန်းမြင့် အမည်ပေါက် ဂရန်မြေ ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက် ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုဝန်ခံကတိပြုသူ ဦးသန်းမြင့်(ဘ) ဦးခင်မောင်(၈/မကန(နိုင်)၁၇၄၄၉၉)နှင့် ဒေါ်ခင်ဝင်း(ဘ)ဦးထွန်းကြည်(၉/မနမ(နိုင်)၀၇၃၁၃၅) တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသီမြင့် (LL.B,DBL)**

**(တရားလွှတ်တော်ရှေ့နေ)**

ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄

## ပျောက်ဆုံးကြောင်း ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ စာတိုး မြို့ပြင်ကြီးကျေးရွာအုပ်စု၊ စာတိုးကျေးရွာနေ ဦးအုန်းမြင့်(ဘ) ဦးငြိမ်(၉/အမရ(နိုင်)၀၁၆၆၁၀)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးအုန်းမြင့်၏လက်ဝယ်တွင်ရှိသော မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရေဘုတ်ကျေးရွာအုပ်စု၊ ရေဘုတ် ကျေးရွာ၊ ကွင်းအမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၁၇)၊ မြေဧရိယာ(၃ ဒသမ ၇၄)ဧက အကျယ်အဝန်းရှိ ဦးချစ်မြိုင် အမည်ပေါက် ပုံစံ(၇)စာအုပ်မူရင်း၊ (၁၀၅)မြေပုံမူရင်း၊ ဦးချစ်မြိုင်မှ ဦးအုန်းမြင့်ထံသို့ လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၂၁၂/၂၀၁၈ မူရင်း၊ (၇-၂-၂၀၁၈)ရက်စွဲပါ စာချုပ်မူရင်း(၂)စောင်တို့မှာ (၂၀-၁-၂၀၂၆)ရက်က အမရပူရခရိုင် တရားရုံးမှအပြန် ကျပျောက်၍ ပျောက်ဆုံးသွားခဲ့ပါသည်။ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအုန်းမြင့်(ဘ)ဦးငြိမ်**
**ဖုန်း ၀၉-၄၄၄၃၁၈၅၄၅၊**
**၀၉-၆၆၄၄၄၂၇၃၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်စန်း (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**'ကျော်'ဥပဒေအကျိုးဆောင်၊ ကျီကုန်းရပ်ကွက်၊**
**မီးသတ်ရုံးအနီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၇၇၅၅၀၈၇၅၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၅)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိ သည့် ဦးပိုင်နံပါတ်(၂၅+၃၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၁၂၄၀)ဧက အကျယ်အဝန်းရှိ ဒေါ်သောင်းသောင်း အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်နံပါတ်(၂၆+၂၉)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၁၂၄၀)ဧက အကျယ်အဝန်းရှိ ဦးခွန်ကျော်စွာမောင် အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်နံပါတ် (၂၇+၂၈)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၁၂၄၀)ဧက အကျယ်အဝန်းရှိ ဦးဖိုးရီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အသီးသီး ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးခွန်ကျော်စွာမောင်(ဘ)ဦးခွန်အုန်းမောင်(၁၃/တကန(နိုင်)၁၉၁၈၈၅)နှင့် ဦးမောင်တီး(ခ)ဦးခွန်ကျော်ငွေးဟန် (ဘ)ဦးလော်(၁၃/ပလန(နိုင်)၀၂၄၃၉၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူ ရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသဇင်အောင်(LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၀)၊ ဦးပိုင်နံပါတ်(၆၉)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၂)ဧက၊ (၆၀×၄၅)ပေ အကျယ်အဝန်းရှိ ဗိုလ်မှူးခင်ထွေး(ငြိမ်း) အမည်ပေါက်ဂရန်မြေကွက်၏တောင်ဘက်ခြမ်း(၃၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးငွေမင်းထိုက်(ဘ)ဦးသန်းဖေ(၅/ဆလက(နိုင်)၀၆၆၃၈၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသဇင်အောင် (LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၄)၊ ဦးပိုင်နံပါတ်(၉-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၈၇၂)ဧက၊ (၄၂×၈၈)ပေ အကျယ်အဝန်းရှိ ဦးစိန်ဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အနောက်ဘက်ခြမ်း (၂၀×၈၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်နွဲ့(ဘ)ဦးခင်အောင်(၉/မရမ(နိုင်)၀၄၆၀၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

| ဒေါ်ယုသဇင်အောင် (LL.M) | ဦးဝေဖြိုးသူ (LL.B) | ဦးဖြိုးသာခန့် (LL.B) | ဒေါ်ကောင်းစုဝမ် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၇)၊ ဦးပိုင်အမှတ်(၄၁)၊ ၃၂လမ်းနှင့်၃၃လမ်းကြား၊ ၇၄လမ်းနှင့်၇၅လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ဇာဇာထွန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၈၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်ကျော်၊ ဦးဇော် မျိုးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၀၀၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဇေယျာလွင် (၉/မဟာမ(နိုင်)၀၁၂၄၇၉)က အမှုတွဲအမှတ်(၀၅၂၁/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ပျောက်ဆုံးကြောင်း

ဒေါ်အေးဆိုင်(ဘ)ဦးလွယ်ဟိန်း နိုင်ငံသား စိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်) ၁၀၈၂၃၁) ကိုင်ဆောင်သူ၏ Passport No အမှတ် မမှတ်မိသည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ် သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်အေးဆိုင် ဖုန်း ၀၉-၈၉၄၈၃၀၅၇၅**

❖ လူသားများ၏လုပ်ဆောင်မှုကြောင့် ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို...

❖ ထို့ကြောင့်သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sightseeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားများအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို လေ့လာကြည့်ရှုနိုင်ရန်နှင့် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂)ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sightseeing ရထားခရီးစဉ်ကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ပြေးဆွဲပေးလျက်ရှိသည်။



ထိုသို့ပြေးဆွဲခဲ့ရာ ယနေ့အထိ ပုံမှန်ရထားခရီးစဉ် ၁၃ ခေါက်ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် စင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၂၄ ဦးလိုက်ပါစီးနင်းနိုင်သည့် RBE အထက်တန်းတွဲဖြင့် ခရီးစဉ် ရှစ်ကြိမ်နှင့် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်သည့် RBE ရိုးရိုးတန်းတွဲဖြင့် ခရီးစဉ် ခြောက်ကြိမ်ဖြစ်၍ ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုအနေဖြင့် ဇန်နဝါရီ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ပြင်ဦးလွင်မြို့ရှိ Snow Queen ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၄၀၊ ဇန်နဝါရီ ၂၈ ရက်တွင် ရိုးရိုးတန်း ငါးတွဲဖြင့် ပြင်ဦးလွင်မြို့ရှိ မေမြို့ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀ နှင့် ဇန်နဝါရီ ၂၉ ရက်တွင် ရိုးရိုးတန်း လေးတွဲနှင့် အထက်တန်း နှစ်တွဲဖြင့် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ ပညာရွှေရောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀ တို့ကို ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့ထိ ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့

စာမျက်နှာ ၆ သို့ ❁

## Myanmar National League ll 2025-2026 အမှတ်ပေး ချန်ပီယံဆုဖလားကို ချင်းလန်းအက်ဖ်စီအသင်း ရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် Myanmar National League ll 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲ ရာသီပိတ် နောက်ဆုံးပွဲစဉ်များအပြီးတွင် မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေး ချန်ပီယံဆုဖလားကို ချင်းလန်းအက်ဖ်စီအသင်းက ဆွတ်ခူးရရှိခဲ့သည်။

Myanmar National League ll 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲ Week 14 နောက်ဆုံးပွဲစဉ်များမတိုင်မီ ချင်းလန်းအက်ဖ်စီနှင့် မြဝတီအက်ဖ်စီအသင်းတို့ ရမှတ် ၂၉ မှတ်စီဖြင့် ချန်ပီယံဆုအတွက် အပြိုင်အဆိုင်ဖြစ်နေခဲ့သည်။

Week 14 ရာသီပိတ်ပွဲစဉ်များအဖြစ် ယနေ့ ယူနီဗာစတီကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ တစ်ဂိုးစီသရေကျခဲ့ပြီး သုဝဏ္ဏကွင်းတွင် ကျင်းပခဲ့သည့်ပွဲစဉ်တွင် ချင်းလန်းအသင်းက ယူနီဗာစတီအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရမှတ် ၃၂ မှတ်ဖြင့် ချန်ပီယံဆုကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။




ယခုနှစ်ဘောလုံးရာသီအပြီးတွင် အဆင့်(၁) နေရာရပ်တည်နိုင်ခဲ့သော ချင်းလန်းအက်ဖ်စီနှင့် အဆင့်(၂)နေရာမှ မြဝတီအက်ဖ်စီအသင်းတို့သည် လာမည့်နှစ် Myanmar National League 1 ပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ကစားခွင့်ရရှိမည်ဖြစ်သည်။ (NGB)

## အစိုးရရုံးပိတ်ရက်များနှင့် တရုတ်နှစ်သစ်ကူးနေ့ ရုံးပိတ်ရက်ကြား ဖေဖော်ဝါရီ ၁၆ ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက် (စနေ၊ တနင်္ဂနွေနေ့)သည် အစိုးရရုံးပိတ်ရက်များဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သည့် ၁၇ ရက် (တရုတ်နှစ်သစ်ကူးနေ့) ကြားရှိ ဖေဖော်ဝါရီ ၁၆ ရက်ကို တစ်ဆက်တစ်စပ်တည်းရုံးပိတ်ရက်အဖြစ် သတ်မှတ်၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (စနေနေ့) ကို အစားထိုးရုံးတက်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**ယနေ့ ဖတ်စရာ**

**ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများဖော်ထုတ်ဖမ်းဆီးရာတွင် ပါဝင်ကျူးလွန်သူများအား ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ်အမိန့်များချမှတ်**

စာမျက်နှာ » ၁၄